**အကြောင်းအရာ။ High Tech Concrete Company Limited မှ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် distribution of ready-mixed concrete လုပ်ငန်းနှင့်စပ်လျဉ်းသည့် အဓိကအချက်များ**

| | | |
|---|---|---|
| ၁။ | ကုမ္ပဏီအမည်/ ကမကထပြုသူ | - High Tech Concrete Company Limited |
| ၂။ | ရင်းနှီးမြှုပ်နှံမှုပုံစံ | - မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု |
| ၃။ | အဆိုပြုလုပ်ငန်းအမျိုးအစား | - distribution of ready-mixed concrete လုပ်ငန်း |
| ၄။ | လုပ်ငန်းတည်နေရာ / မြေအကျယ်အဝန်း | - ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇုန်(၂)၊ မြေကွက်အမှတ် ၄၂, ၄၃, ၄၄, ၄၅, ၄၆ ရှိ မြေ ၅.၈၆၆ ဧက၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုလက်မှု၊ မြေကွက်အမှတ် ၁/B ရှိ မြေ ၀.၉၅၅ ဧက၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုလက်မှု၊ လူနေရပ်ကွက်အမှတ် (စက်မှုလက်မှု) ၂၅၂၊ မြေကွက်အမှတ် ၂၅၂ ရှိ မြေ ၀.၃၄၄ ဧကနှင့် သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုလက်မှု၊လူနေရပ်ကွက်အမှတ်-စက်မှုလက်မှု၊ မြေကွက်အ မှတ် ၁ ရှိ မြေ ၀.၇၈၈ ဧက စုစုပေါင်း မြေဧရိယာ ၇.၉၉၃ ဧက |
| | မြေပိုင်ရှင် | - ရွှေတောင်ဘိလပ်မြေနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ကုမ္ပဏီလီမိတက် |
| | မြေ/ အဆောက်အအုံ ငှားရမ်းခ | - ၅.၈၆၆ ဧက (၂၃,၇၃၈.၈၈ ဧက) အတွက် ၁၆.၀၀ ကျပ်သန်း (၁ စတုရန်းမီတာ ကျပ် ၆၇၄ )<br>- ၀.၉၅၅ ဧက (၃,၈၆၄.၇၅ ဧက) အတွက် ကျပ် ၂၄.၂၀ ကျပ်သန်း (၁ စတုရန်းမီတာ ကျပ် ၆,၂၆၂)<br>- ၀.၃၄၄ဧက(၁,၃၉၂.၁၂စတုရန်းမီတာ)အတွက်၁၃.၇၀ ကျပ်သန်း) (၁ စတုရန်းမီတာ ကျပ် ၉,၈၄၁)<br>- ၀.၇၈၈ဧက(၃,၁၈၈.၉၃စတုရန်းမီတာ)အတွက်၄၁.၅၄ ကျပ်သန်း (၁ စတုရန်းမီတာ ကျပ် ၁၃,၀၂၆) |
| | မြေ/ အဆောက်အအုံ ငှားရမ်း/အသုံးပြုသည့် သက်တမ်း | - ကနဦး ၄၉ နှစ် (သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်) |

| | | |
|---|---|---|
| ၅။ | စုစုပေါင်းရင်းနှီးမြှုပ်နှံမှု<br>ထည့်ဝင်သည့်အမျိုးအစား<br><br>ငွေပမာဏ<br>စက်ပစ္စည်း<br>အဆောက်အအုံ<br>ပရိဘောဂနှင့်လုပ်ငန်းသုံး<br>ပစ္စည်းများ<br>ရုံးသုံးပစ္စည်းများ<br>မော်တော်ကား<br>**စုစုပေါင်း** | - **၁၄,၉၂၂.၉၆ ကျပ်သန်း**<br>မြန်မာ<br>(ကျပ်သန်း)<br>၁,၃၈၅.၉၉<br>၄,၃၇၈.၅၇<br>၃,၈၆၉.၅၁<br>၁၀၀.၄၀<br><br>၂၉၂.၁၀<br>၄,၈၉၆.၄၀<br>**၁၄,၉၂၂.၉၆** |
| ၆။ | တည်ဆောက်ရေးကာလ | - မရှိပါ။ |
| ၇။ | ရင်းနှီးမြှုပ်နှံမှုသက်တမ်း | - ကနဦး ၄၉ နှစ် (သက်တမ်းတိုး ၁၀ နှစ် ၂ ကြိမ်) |
| ၈ | ဝန်ဆောင်မှုအမျိုးအစား | **စဉ်** **အမျိုးအမည်** **ယူနစ်** **ဈေးနှုန်း/**<br>**cubic meter**<br><br>(က) ready-mixed concrete **cubic meter** ၈၀,၀၀၆ |
| ၉။ | ဝန်ထမ်းအင်အား<br>ပြည်တွင်း<br><br>ပြည်ပ | - ၇၃၅ ဦး<br>၇၃၄ ဦး (တစ်လလျှင် ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ်၁၁၀,၀၀၀၊ အမြင့်ဆုံးလစာမှာ ကျပ် ၁,၀၇၅,၀၀၀ ဖြစ်ပါသည်။)<br>-၁ ဦး (ပြည်ပဝန်ထမ်း၏ လစာမှာ ကျပ် ၇,၉၃၀,၉၉၆ ဖြစ်ပါသည်။) |
| ၁၀။ | ငွေကြေးအထောက်အထား | - ငွေကြေးအထောက်အထားအဖြစ် AYA Bank ၌ High Tech Concrete Company Limited အမည်ဖြင့် ၂၉-၁၂-၂၀၁၇ ရက်နေ့တွင် ကျပ် ၁၇၇,၃၇၆,၇၀၂.၅၄ ရှိကြောင်း တင်ပြထားပါသည်။ |
| ၁၁။ | လျှပ်စစ်ဓါတ်အားသုံးစွဲမှု<br>(ပထမနှစ်) | - မဟာဓာတ်အားလိုင်းမှ ရယူသုံးစွဲမည်ဖြစ်ပြီး ဓာတ်အား ပြတ်တောက်မှု ရှိပါက ကိုယ်ပိုင်မီးစက်ဖြင့် သုံးစွဲမည်ဖြစ်ပါသည်။ |

| | | |
|---|---|---|
| ၁၂။ | CSR အစီအစဉ် | - အမြတ်ငွေ၏ ၂ ရာခိုင်နှုန်း |
| ၁၃။ | မီးဘေးကာကွယ်ရေးစီမံချက် | - မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေး စီမံချက်များရေးဆွဲမည်ဖြစ်ပါသည်။ |
| ၁၄။ | အခြားတင်ပြချက်များ | (က) အတည်ပြုချက်နှင့်အတူ High Tech Concrete Company Limited နှင့် ရွှေတောင်ဘီလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုမည့် မြေငှားရမ်းခြင်းစာချုပ်(မူကြမ်း)များ၊ ကုမ္ပဏီ MOA နှင့် AOA တို့အား တင်ပြ ထားပါသည်။ |
| ၁၅။ | **စိစစ်တင်ပြချက်** | (က) အတည်ပြုလုပ်ငန်းသည်အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇ အရ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပါဝင်ခြင်းမရှိသည့်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ခံစားနိုင်ခြင်းမရှိပါ။<br>(ခ) High Tech Concrete Company Limited သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၀၃/၂၀၀၂-၂၀၀၃(၂၈-၃-၂၀၁၃) ရက်စွဲဖြင့် ဖွဲ့စည်းမှတ်ပုံတင်ခဲ့ပြီး distribution of ready-mixed concrete လုပ်ငန်းများအား လုပ်ကိုင်လျက်ရှိပါသည်။<br>(ဂ) အတည်ပြုလုပ်ငန်းသည်အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၇ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုမိန့် လျှောက်ထားခြင်းဖြစ်ပါသည်။<br>(ဃ) အတည်ပြုလုပ်ငန်းအနေဖြင့် ပြည်ပမှ စက်ပစ္စည်းများ တင်သွင်းဆောင်ရွက်ခြင်းမရှိကြောင်း တင်ပြထားပါသည်။ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊မရက- ၅(အ) /အ-၁၁၇/ ၂၀၁၈(၁၁၁)
ရက်စွဲ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့**
**တင်ပြသည့် အမှာစာ**

အကြောင်းအရာ။ **မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် High Tech Concrete Company Limited မှ distribution of ready-mixed concrete လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုတင်ပြလာခြင်းကိစ္စ**

၁။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် High Tech Concrete Company Limited မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇုန်(၂)၊ မြေကွက်အမှတ် ၄၂, ၄၃, ၄၄, ၄၅, ၄၆ ရှိ မြေ ၅.၈၆၆ ဧက၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုလက်မှု၊ မြေကွက်အမှတ် ၁/B ရှိ မြေ ၁.၉၅၅ ဧက၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုလက်မှု၊ လူနေရပ်ကွက်အမှတ် (စက်မှုလက်မှု) ၂၅၂၊ မြေကွက်အမှတ် ၂၅၂ ရှိ မြေ ၁.၃၄၄ ဧကနှင့် သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-စက်မှုလက်မှု၊လူနေရပ်ကွက်အမှတ်-စက်မှုလက်မှု၊မြေကွက်အမှတ် ၁ ရှိ မြေ ၁.၇၈၈ ဧက စုစုပေါင်းမြေဧရိယာ ၇.၉၉၃ ဧကအား ငှားရမ်း၍ distribution of ready-mixed concrete လုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အတည်ပြုချက်တင်ပြလာပါသည်။

၂။ အတည်ပြုချက်နှင့်အတူ High Tech Concrete Company Limited နှင့် ရွှေတောင်ဘီလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ကုမ္ပဏီလီမိတက်တို့ ချုပ်ဆိုမည့် မြေငှားရမ်းခြင်းစာချုပ်(မူကြမ်း)များ၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ MOA နှင့် AOA တို့အား တင်ပြထားပါသည်။

၃။ အတည်ပြုလုပ်ငန်း၏ လုပ်ငန်းသက်တမ်းကာလမှာ ၄၉ နှစ်ဖြစ်ပြီး သက်တမ်းတိုး ၁၀ နှစ် နှစ်ကြိမ် တိုးမြှင့်မည်ဖြစ်ပါသည်။

၄။ အတည်ပြုလုပ်ငန်း၏ စုစုပေါင်းမတည်ငွေရင်းပမာဏမှာ ကျပ် ၁၄,၉၂၂.၉၆ သန်း ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | မြန်မာ(ကျပ်သန်း) |
|---|---|
| ငွေပမာဏ | ၁,၃၈၅.၉၉ |
| စက်ပစ္စည်း | ၄,၃၇၈.၅၇ |
| အဆောက်အဦ | ၃,၈၆၉.၅၁ |
| ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများ | ၁၀၀.၄၀ |
| ရုံးသုံးပစ္စည်းများ | ၂၉၂.၁၀ |
| မော်တော်ကား | ၄,၈၉၆.၄၀ |
| **စုစုပေါင်း** | **၁၄,၉၂၂.၉၆** |

၅။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းဝန်ထမ်း ၇၃၅ ဦးနှင့် ပြည်ပဝန်ထမ်း ၁ ဦး ခန့်ထားမည်ဖြစ်ပြီး ပြည်တွင်းဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၁၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၁,၀၇၅,၀၀၀ နှင့် ပြည်ပဝန်ထမ်း ၁ ဦး၏ လစာမှာ ကျပ် ၇,၉၃၀,၉၉၆ ဖြစ်ပါသည်။

၆။ အတည်ပြုလုပ်ငန်းမှ ပထမနှစ်တွင် ဝန်ဆောင်မှုပေးမည့် အမျိုးအမည်၊ ယူနစ်နှင့် ဝန်ဆောင်ခနှုန်း (ကျပ်) တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **စဉ်** | **အမျိုးအမည်** | **ယူနစ်** | **ဈေးနှုန်း/ ကုဗမီတာ** |
|---|---|---|---|
| (က) | ready-mixed concrete | ကုဗမီတာ | ၈၀,၀၀၆ |

၇။ အတည်ပြုလုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် (စက်မှုဇုန်) နှင့် ရွှေပြည်သာမြို့နယ် (စက်မှုဇုန်) အတွင်း၌ Batching Plant များ တည်ဆောက်ပြီး အသင့်ဖျော်ကွန်ကရစ်များအား ဖြန့်ဖြူးခြင်း လုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါသည်။

၈။ ငွေကြေးအထောက်အထားအဖြစ် AYA Bank ၌ High Tech Concrete Company Limited အမည်ဖြင့် ၂၉-၁၂-၂၀၁၇ ရက်နေ့တွင် ကျပ် ၁၇၇,၃၇၆,၇၀၂.၅၄ ရှိကြောင်း တင်ပြထားပါသည်။

၉။ အတည်ပြုလုပ်ငန်းအား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ (၃၅/၂၀၁၇ ) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

**စိစစ်တင်ပြချက်**

၁၀။ အတည်ပြုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) ကော်မရှင် အတည်ပြုမိန့်ရရှိပြီးပါက သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်များ လျှောက်ထားရန်လိုအပ်ပါသည်။

(ခ) အတည်ပြုလုပ်ငန်းအနေဖြင့် ပြည်ပမှ စက်ပစ္စည်းများ တင်သွင်းဆောင်ရွက်ခြင်း မရှိကြောင်း တင်ပြထားပါသည်။

(ဂ) High Tech Concrete Company Limited သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၀၃/၂၀၀၂-၂၀၀၃(၂၈-၃-၂၀၀၃) ဖြင့် ဖွဲ့စည်းမှတ်ပုံတင်ခဲ့ပြီး distribution of ready-mixed concrete လုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်နေသည့်အတွက် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၇ အရ အတည်ပြုမိန့်သာ လျှောက်ထားရန် လိုအပ်သည့် လုပ်ငန်းအမျိုးအစားဖြစ်ပါသည်။

**ဆုံးဖြတ်ရန်အချက်**

၁၁။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် High Tech Concrete Company Limited ၏ distribution of ready-mixed concrete လုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြု တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ အတည်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ